■ "ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေး"ကဏ္ဍ

# မြန်မာ့နိုင်ငံခြားရေးဝန်ကြီးဟောင်းဦးဝဏ္ဏမောင်လွင်ယူနန်တက္ကသိုလ်တွင်ဟောပြော – ကျွန်တော့်နိုင်ငံခြားရေးအတွေ့အကြုံနှင့်ကျွန်တော့်မျက်စိထဲကတရုတ် – မြန်မာဆက်ဆံရေး

ယူနန်တက္ကသိုလ်မြန်မာနိုင်ငံရေးရာသုတေသနဌာန၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဟောင်း ဦးဝဏ္ဏမောင်လွင်နှင့်ဇနီးတို့သည် ၂၀၁၆ ခုနှစ် အောက်တိုဘာလ၂၄ရက်နေ့က ယူနန်တက္ကသိုလ် သို့လာရောက် လည်ပတ်ခဲ့သည်။ "ကျွန်တော့်နိုင်ငံခြားရေးအတွေ့အကြုံနှင့် ကျွန်တော့်မျက်စိထဲက တရုတ်-မြန်မာဆက်ဆံရေး"ဟူသော ခေါင်းစဉ်ဖြင့်ဟောပြောခဲ့သည်။ ယူနန်တက္ကသိုလ်၊ ယူနန်နော်မန်တက္ကသိုလ်၊ ယူနန်တိုင်ရင်းသားတက္ကသိုလ်မှ ဆရာဆရာမများ၊ ကျောင်းသူကျောင်းသားများ၊ မြန်မာနိုင်ငံရေးရာ သုတေသနပညာရှင်များ၊ စီးပွားရေးလုပ်ငန်းအချို့မှ ကိုယ်စားလှယ်များစုစုပေါင်း(၁၅၀)ကျော်က ဟောပြောပွဲသို့ တက်ရောက်ခဲ့ကြသည်။

ဦးဝဏ္ဏမောင်လွင်သည်နိုင်ငံတကာဆက်ဆံရေး၏ အရေးပါပုံနှင့် သမိုင်းစဉ်ပြောင်းလဲမှု၊ မြန်မာ့လွတ်လပ်ရေးသမိုင်းနှင့် မြန်မာ-တရုတ်-အိန္ဒိယစသည့် နိုင်ငံတို့မှ တိုက်တွန်းခဲ့ကြသည့် "ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ရပ်" အပါအဝင် မြန်မာနိုင်ငံ ကျင့်သုံးသည့် နိုင်ငံခြားရေးရာ မူဝါဒစသည်တို့ကို မိတ်ဆက်ရှင်းလင်းခဲ့သည်။ ၎င်းသည်"ဆွေမျိုးပေါက်ဖော်"မှ အစပြု၍ မြန်မာ-တရုတ် ဆက်ဆံရေး၏ သမိုင်းကြောင်း၊ လက်ရှိအခြေအနေနှင့် "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု"စီမံကိန်း၏ မျှော်မှန်းချက်စသည် များကိုလည်း ဟောပြောခဲ့သည်။ ဦးဝဏ္ဏမောင်လွင်က မြန်မာနိုင်ငံအနေဖြင့်အရှေ့တောင်အာရှနှင့် အရှေ့အာရှ၊ တောင်အာရှတို့ကိုချိတ်ဆက်ပေးသောပေါင်းကူးတံတားအဖြစ် ဆောင်ရွက်ရန်ဆန္ဒရှိကြောင်း ပြောကြားသွားသည်။


ဦးဝဏ္ဏမောင်လွင်သည် ၂၀၁၁ ခုနှစ်မတ်လမှ ၂၀၁၆ ခုနှစ်မတ်လအထိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနိုင်ငံခြားရေးဝန်ကြီးတာဝန်ထမ်းဆောင်ခဲ့ကြောင်း သိရှိရသည်။

အထွေထွေသတင်း




## "တရုတ်ပြည်ရောက်နိုင်ငံခြားသားများ" ဆူးပေါဝေး – ယူနန်အလှကို အားရပါးရခံစား

Subrowi Wahyက၏ တရုတ်အမည်ကို ဆူးပေါဝေးဟုခေါ်သည်။ သို့သော် သူငယ်ချင်းများက "လမ်းညွှန်ဆူး"ဟုသူ့အပေါ်ခေါ်သည်ကို ပိုကြိုက်သည်။"ကျွန်တော်ဒါရိုက်တာတော့ မဟုတ်ပါဘူး။ သူငယ်ချင်းတို့ရဲ့မျက်စိထဲမှာ ကျွန်တော်ဟာ တာဝန် ပူးတွဲထမ်းဆောင်နေတဲ့ ယူနန်ခရီးသွားလမ်းညွှန်တစ်ဦးနဲ့ ပိုပြီးဆင်တူပါတယ်။ ကျွန်တော်သူငယ်ချင်းများကိုခေါ်ဆောင်ပြီး ယူနန်ရဲ့တောတောင်ရေမြေအလှကို ရှုစားလေ့ရှိပါတယ်။ ယူနန်ရဲ့စစ်မှန်သော စားကောင်းသောက်ဖွယ်များကိုလည်း ခံစားလေ့ရှိပါတယ်။ ကျွန်တော်နိုင်ငံခြားသားတစ်ယောက်အဖြစ် 'ယူနန်မြေပုံရှင်'လို့ ခေါ်တွင်ခံရတဲ့အတွက် အရမ်းဂုဏ်ယူမိပါတယ်"။ မိမိ၏အမည်ကွဲအကြောင်းနှင့် စကားစပ်မိတိုင်း ယင်းအင်ဒိုနီးရှားနိုင်ငံမှရောက်ရှိလာသော ကောင်လေး၏ မျက်နှာပေါ်တွင် ဂုဏ်ယူဖွယ်ရာများဖြင့် ပြည့်လျှံစမြဲဖြစ်သည်။



လွန်ခဲ့သည့် (၃)နှစ်တုန်းက တောင်အာရှကုန်စည်ပြပွဲ၏ ပါဝင်တက်ရောက်သူ ကုန်သည်တစ်ဦးအဖြစ်ဆူးပေါဝေးသည် ယူနန်မြေသို့ ပထမဆုံးအကြိမ် ရောက်ရှိလာခဲ့သည်။ ထိုအချိန်မှစ၍ ဤနေရာကို နှစ်ခြိုက်မိသည်။ နောက်ပိုင်းတွင် နှစ်စဉ်တောင်အာရှကုန်စည်ပြပွဲကျင်းပတိုင်း ဆူးပေါဝေးသည် အင်ဒိုနီးရှားထွက်ကုန်အလှများကို ယူနန်သို့ဆောင်ကြဉ်းလာပြီး မိတ်ဆွေဟောင်းများကို သွားရောက်ကြည့်ရှုလေ့ရှိသည်။ တစ်လကြာအချိန်ယူ၍ ယူနန်အနှံ့ရှိ ရှုခင်းဒေသများကိုလည်းလည်ပတ်၊ ယူနန်အရသာပါစားကောင်းသောက်ဖွယ်များကိုလည်းမြည်းစား၊ တိုင်းရင်းသားရိုးရာဓလေ့များကိုလည်း ခံစားလေ့ရှိသည်။ လောလောဆယ်နှစ်စဉ် ယူနန်လာရောက်၍လည်ပတ်ခြင်းသည် ၎င်း၏ အလေ့အကျင့် ပင်ဖြစ်လာ တော့သည်။

ဆူးပေါဝေး၏မျက်စိတွင် ယူနန်၏ရှုခင်းများထက်သူ့ကိုပို၍ စွဲလမ်းစေသည်မှာ ယူနန်သားများဖြစ်သည်။ တစ်ခါတုန်းက ဆူးပေါဝေးသည် ယွိလုံဆီးနှင်းတောင်တွင် လည်ပတ်နေစဉ် ကုန်းပြင်မြင့်ရာသီဥတုကြောင့် လမ်းဘေး၌ မူးလဲသွားခဲ့သည်။ နိုးလာသည့်အခါ ဒေသခံရွာသားတစ်ဦးက သူ့ကို ဆေးရုံသို့ပို့လာပြီဖြစ်သည်။ နောက်ရက်များအတွင်း ထိုရွာသားက နေ့တိုင်းလိုလို သူ့ကို ဆေးရုံသို့ လာရောက်ကြည့်ရှုပြီး ၎င်းကိုယ်တိုင်ချက်ပြုတ် ထားသော ထမင်းဟင်းများကိုလည်း ပို့ပေးခဲ့သည်။ ဤသည်ကားတိုင်းတပါးတွင်ရရှိခဲ့သည့် အနွေးထွေးဆုံးသော လက်ဆောင်မွန်ဟု ဆူးပေါဝေးက သတင်းထောက်ကို ပြောပြပေးသည်။ ဆူးပေါဝေး၏ကျန်းမာရေးအခြေအနေ ပြန်လည်ကောင်းမွန်ပြီးသည့်နောက် ၎င်းသည် အဆိုပါရွာသားနှင့် မိတ်ဆွေကောင်းဖြစ်လာတော့သည်။ လက်ရှိတွင် နှစ်စဉ် ယူနန်ကိုရောက်လာသည့်အခါ ဆူးပေါဝေးသည် ၎င်း၏သူငယ်ချင်း လေးငါးယောက်ကို ခေါ်ဆောင်ပြီး လိကျန်းမြို့ရှိ ၎င်း၏ "ယူနန်ဆွေမျိုး"ကို သွားရောက်ကြည့်ရှုလေ့ရှိသည်။

ယူနန်အပေါ်အဆက်မပြတ် နက်ရှိုင်းစွာသိရှိလာသည်နှင့်အမျှ ဆူးပေါဝေးသည် ယူနန်၏ညှို့ဓာတ်များကို အဆက်မပြတ်စူးစမ်းလေ့လာရင်း ယူနန်ခရီးသွား ဈေးကွက်ကိုလည်း သုတေသနပြုလာတော့သည်။ "အင်တာနက်ပေါ်က ယူနန်ရဲ့လမ်းညွှန်များက ခရီးသည်များကို ညှစ်ရလေ့ရှိတယ်လို့ ဖော်ပြစမြဲပါ။ ဓါပေမဲ့ကျွန်တော့်အမြင်အရ ဒီလိုအခြေအနေမျိုးဟာ တစ်စိတ်တစ်ဒေသပဲဖြစ်ပါတယ်။ ချုံပြီးပြောရရင် ယူနန်ရဲ့ခရီးသွားလုပ်ငန်း အရည်အသွေးနဲ့ ခရီးသွားပတ်ဝန်းကျင်လည်း မဆိုးပါဘူး။ ယူနန်ရဲ့ခရီးသွား အစားအသောက်ကို ဥပမာပြုပြီးပြောရရင် များသထက်များ လာတဲ့ ယူနန် ဝိသေသထူးခြားချက်ပါတဲ့ ခေါင်းစဉ်ပြု စားသောက်ဆိုင်တွေ အညွန့်တလိုလို ပေါ်ထွက်လာတဲ့အတွက် ခရီးသည်များအား ယူနန်ရဲ့စားသောက်ဖွယ်ရာများကိုခံစားစေတဲ့အပြင် ဒီကထူးကဲတဲ့ယဉ်ကျေးမှု အငွေ့အသက်ကိုလည်း ခံစားစေနိုင်တယ်"။ ဆူးပေါဝေး၏အမြင်အရကူမင်းမြို့ရှိ " ၁၉၁၀ ပြည့်နှစ်ဘူတာရုံ (တောင်ပိုင်း)"၊ "တိုက်အိမ်တစ်လုံး"စသည့်ခေါင်းစဉ်ပြုစားသောက်ဆိုင်များ၏ ပေါ်ထွက်လာခြင်းသည် ယူနန်ယဉ်ကျေးမှုနှင့် ယူနန်အရသာပါ အစားအသောက်ချင်း ပြီးပြည့်စုံအောင် ပေါင်းစပ်ထားသော လှုပ်ရှားမှုကြီးပေါ်ထွက်လာနိုင်ပြီး ခရီးသွားများအတွက် ပိုမိုပေါကြွယ်လှ ခရီးသွားခံစားချက် ဆောင်ကြဉ်းပေးနိုင်မှာဖြစ်သည်။

ယခုနှစ်တွင် ဆူးပေါဝေးသည် ယခင်နှစ်များထက် ယူနန်၌ ရပ်နားမည့်အချိန်ပိုမိုကြာရှည်မည်ဖြစ်သည်။ သူ့မှာ အင်္ဂလန်နိုင်ငံသို့ ချက်ချင်းသွားပြီးပညာဆည်းပူးတော့မည်ဖြစ်ကြောင်း၊ရှည်ကြာလှသည့်အချိန်အတွင်း ယူနန်သို့ မလာဖြစ်မှာဖြစ်ကြောင်း၊ သို့သော် ယူနန်၏ အလှတရားများကို အမြဲသတိရလိမ့်မည်ဖြစ်ပြီး ပိုမိုဝေးလံသည့် နေရာများသို့လည်းဆောင်ကြဉ်း မိတ်ဆက်သွားလိမ့်မည်ဖြစ်ကြောင်း ၎င်းက သတင်းထောက်အား ပြောပြသည်။

သတင်းထောက် – ဆူးဝင်